ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# အဆင့်မြင့်ပညာကျောင်းများ၏

# ပညာရေးဆိုင်ရာလွတ်လပ်စွာစီမံခန့်ခွဲမှုနှင့် စိန်ခေါ်မှုများ

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃.၁။ | အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု | ၂ |
| ၃.၂။ | အခြေခံအဆောက်အဦအားမြှင့်တင်ခြင်း | ၂ |
| ၃.၃။ | မူဝါဒချမှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း | ၃ |
| ၄.၁။ | သင်ကြား၊ သင်ယူရေးဆိုင်ရာဆောင်ရွက်မှု | ၃ |
| ၄.၂။ | ရန်ပုံငွေရှာဖွေခြင်း၊ရန်ပုံငွေသုံးစွဲခြင်း | ၄ |
| ၄.၃။ | စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းခြင်း | ၄ |
| ၄.၄။ | သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးတိုးတက်မှု | ၅ |
| ၄.၅။ | အဝေးသင်ပညာရေးစနစ်ပြုပြင်ပြောင်းလဲခြင်း | ၅ |
| ၅။ | နိဂုံး | ၆ |

# အဆင့်မြင့်ပညာကျောင်းများ၏ ပညာရေးဆိုင်ရာ လွတ်လပ်စွာစီမံခန့်ခွဲမှုနှင့် စိန်ခေါ်မှုများ

ဦးသုတ၊ ကထိက(အင်္ဂလိပ်စာဌာန)၊ ရတနာပုံတက္ကသိုလ်

## ၁။ နိဒါန်း

အဆင့်မြင့်ပညာရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သောအဓိကအချက်ဖြစ်ပါသည်။ အရည်အချင်းပြည့်ဝပြီး၊ တီထွင်ဖန်တီးမှု အားကောင်းသော၊ လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်၊ အဆင့်မြင့်ပညာရေးတွင် ထမ်းဆောင်နေသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါသည်။ အဆင့်မြင့်ပညာကျောင်းများ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများသည် ယှဉ်ပြိုင်မှုအတွက် အရေးကြီးသော အချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကျောင်းများတွင်ရင်းနှီးမြှုပ်နှံမှု၊ လွတ်လပ်စွာ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် စိန်ခေါ်မှု များစွာရှိနေပါသည်။

အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ကို ပြင်ဆင်သည့် ဥပဒေပုဒ်မ "၂၈" ပုဒ်မခွဲ (ဥ) အဆင့်မြင့် ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်" ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ဤဥပဒေအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြင့်ပညာ ကျောင်းများ၏ စီမံခန့်ခွဲမှုစနစ်နှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတို့တွင် လွတ်လပ်စွာ စီမံဆောင်ရွက် စေသင့်ပါသည်။ ထိုမှသာ တာဝန်ယူမှုတာဝန်ခံမှုများ ရှိလာမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင် ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် ဖြေလျှော့မှုများကို နှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သင့်ပါသည်။

## ၂။ ရည်ရွယ်ချက်

အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဃ)ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ဗဟိုချုပ်ကိုင်မှုစနစ်ကိုလျှော့ချပြီး၊ အဆင့်မြင့်ပညာကျောင်းများသည် လွတ်လပ်စွာ စီမံဆောင်ရွက်ရန် နှင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများကို ဖန်တီးပေးရပါမည်။ ယခင်စနစ်ဟောင်းဖြစ်သော သမားရိုးကျဗဟိုဦးစီးစနစ်မှ လုပ်ငန်းဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲမှုတို့ အလေးထားဆောင်ရွက်ရန်နှင့် တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် ဆောင်ရွက်ရပါမည်။ ထိုသို့စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) "တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားခဲ့ပါသည်။ ယင်းဥပဒေနှင့်အညီ တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီဖြင့် ဖွဲ့စည်းဆောင်ရွက်လျှင်၊ တက္ကသိုလ်အသီးသီးတိုင်း၌ ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုစနစ်ပေါ်ထွန်းလာမည်ဖြစ်သည့်အပြင်၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ စနစ်တကျ ပြောင်းလဲလာမည်ဖြစ်ပါသည်။ ဗဟို ချုပ်ကိုင်မှု လျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။

## ၃.၁။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

အဆင့်မြင့်ပညာကျောင်းများ၏ အုပ်ချုပ်မှုစနစ်သည် ဗဟိုချုပ်ကိုင်မှုစနစ်ဖြစ်သည့်အတွက်၊ စီမံခန့်ခွဲမှုနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ လုပ်ငန်းစွမ်းဆောင်နိုင်မှု တိုးတက် စေရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နှစ်အလိုက် တစ်ဆင့်ခြင်းဆောင်ရွက်ရပါမည်။ လက်ရှိကျင့်သုံးနေသော တက္ကသိုလ်စီမံခန့်ခွဲရေးစနစ်တွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)၊ ဌာနမှူး(စီမံဘဏ္ဍာ)နှင့် ဌာနမှူး(သင်တန်းရေးရာ)တို့ဖြင့် စီမံခန့်ခွဲသည့်စနစ်ကို အားလုံးပါဝင်သော စီမံခန့်ခွဲမှုပုံစံစနစ်သို့ ကျင့်သုံးဆောင်ရွက်သင့်ပါသည်။ ၎င်းစနစ်ဖြင့် ကျင့်သုံးနေစဉ် တက္ကသိုလ် Charter စနစ်ကျင့်သုံးနိုင်ရန် တက္ကသိုလ်တစ်ခုချင်း၏ စည်းမျဉ်း (Charter) ကိုလည်း ပေါ်ပေါက်စေရန် ကာလအပိုင်းအခြား သတ်မှတ်၍ ဆောင်ရွက်သင့်ပါသည်။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဃ) "အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်"ဟု ပြဋ္ဌာန်းထားသည့်အတွက် ဤဥပဒေအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုချုပ်ကိုင်မှုကို တစ်ဆင့်ချင်းလျှော့ချနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ၂၈၊ ပုဒ်မခွဲ(ဂ) "တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူ ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကောင်စီကို တက္ကသိုလ်အလိုက် ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သင့်ပါသည်။

## ၃.၂။ အခြေခံအဆောက်အဦးအားမြှင့်တင်ခြင်း

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် သိပ္ပံများ၏ အခြေခံအဆောက်အဦ၏ အရည်အသွေးပိုင်းကို မြှင့်တင်ပေးရေး အရေးတကြီးလိုအပ်ပါသည်။ အချို့စာသင်ဆောင်များသည် ရုပ်ပိုင်းဆိုင်ရာများ ယိုယွင်းနေသည့်အတွက် အဆောက်အဦအသစ် တည်ဆောက်ရမည်ဖြစ်ပါသည်။ အရေးအကြီးဆုံး လိုအပ်ချက်များ စာကြည့်တိုက်များ တည်ဆောက်ခြင်းနှင့် လက်တွေ့စမ်းသပ်သင်ယူလေ့လာနိုင်စေရန် ခေတ်မီဓာတ်ခွဲခန်းများနှင့် လက်တွေ့သင်ကြားရေး စာသင်ခန်းများကို တည်ဆောက် ပေးသင့်ပါသည်။ ဗဟိုဦးစီးစနစ်ဖြင့် ရေးဆွဲထားသော ပညာရေးစနစ်ဖြစ်သောကြောင့် သင်ယူမှုအပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားသကဲ့သို့ ဖြစ်ပေါ်စေပါသည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် Internet သုံးစွဲနိုင်အောင် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ နိုင်ငံတကာအဆင့်သို့ တက်လှမ်းနိုင်မည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအသီးသီးပေါ်ပေါက်လာပါမည်။

## ၃.၃။ မူဝါဒချမှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် သိပ္ပံများတွင် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးဆိုင်ရာမူဝါဒများ၊ စီမံခန့်ခွဲရေးမူဝါဒများ စနစ်တကျရေးဆွဲထားရှိသင့်ပါသည်။ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်သင့်ပါသည်။ တက္ကသိုလ်အလိုက်ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ မဖြစ်ပေါ်စေရန် မူဝါဒအမျိုးအစားခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ နှစ်အလိုက် အကောင်အထည်ဖော်မည့် အစီအစဉ်အလိုက်သတ်မှတ်ထားသော စီမံကိန်းများကိုဆောင်ရွက်ပြီး၊ လုပ်ငန်းပြီးမြောက်မှုနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် အပိုင်းများကို စနစ်တကျ မှတ်တမ်းများပြုစုထားရှိပြီး၊ အားနည်းချက် အားသာချက်များကိုသုံးသပ်ပြီး ပြင်ဆင်စရာ များကို ပြင်ဆင်ဆောင်ရွက်သင့်ပါသည်။

## ၄.၁။ သင်ကြား၊ သင်ယူရေးဆိုင်ရာဆောင်ရွက်မှု

အဆင့်မြင့်ပညာရေးကဏ္ဍတိုးတက်လာစေရန် အဓိကစွမ်းဆောင်ရမည့်ပုဂ္ဂိုလ်များမှာ ဆရာ၊ ဆရာမ များပင် ဖြစ်ပါသည်။ ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာပြုပြင် ပြောင်းလဲမှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့အား အခွင့်အလမ်းများ ဖန်တီးပေးသင့်ပါသည်။ အမျိုးသားပညာရေးဥပဒေပုဒ်မ၅၂၊ "ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာမများ၏ အရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးအတွက် စီမံဆောင်ရွက်ပေးရမည်" ဟု ပြဋ္ဌာန်းထားသည့်အတွက် ဥပဒေအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါသည်။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၅၃၊ "ဝန်ကြီးဌာနများသည် ဆရာများ၏တာဝန်နှင့် အခွင့်အရေးကို သတ်မှတ် ပေးရမည်" ဟုပြဋ္ဌာန်းထားသောကြောင့် ဆရာ၊ ဆရာမများတာဝန်နှင့် အခွင့်အရေးများ အလျင်အမြန် သတ်မှတ်ပေးသင့်ပါသည်။ သို့မှသာ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်သကဲ့သို့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ၂၁ ရာစု ပညာခေတ်၏ လိုအပ်ချက်များဖြစ်သော ပူးပေါင်းဆောင်ရွက်မှု၊ ကူးသန်းဆက်သွယ်ရေး၊ တွေးခေါ်မြော်မြင်စဉ်းစားခြင်း၊ ဖန်တီးနိုင်စွမ်းရှိမှုတို့နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို ကျောင်းသား၊ ကျောင်းသူများ အတွက်ပြဋ္ဌာန်းသင့်ပါသည်။ သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းရာတွင်လည်း အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၆ နှင့်အညီ ကိုယ်ပိုင်လွတ်လပ်စွာ သင်ကြားသင်ယူခွင့်များ ပေးသင့်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုသောသင်ရိုးများ၊ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသင့်ပါသည်။

## ၄.၂။ ရန်ပုံငွေရှာဖွေခြင်း၊ ရန်ပုံငွေသုံးစွဲခြင်း

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် အသွင်ကူးပြောင်းရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ရှေ့ပြေးတစ်ခုဖြစ်သည့် ရန်ပုံငွေရှာဖွေခြင်း၊ စုဆောင်းခြင်း၊ သုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ပိုင်ရန်ပုံငွေတစ်ရပ်ကို ထူထောင်သင့်ပါသည်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၃၊ သက်ဆိုင်ရာကျောင်းသို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် (က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ သုံးစွဲပြီး၊ စာရင်းဇယား မှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာ ရှိစေရန် ဆောင်ရွက်ရမည်။ ပုဒ်မ ၆၂၊ ပုဒ်မခွဲ (ခ) အရ လက်ခံရရှိသော ထောက်ပံ့ လှူဒါန်းငွေ (သို့မဟုတ်) ပစ္စည်းများကို ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄ပုဒ်မခွဲ " (ခ) တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည်၊ ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေနှင့်အညီ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများတွင် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေခြင်းနှင့် ထူထောင်ခြင်တို့ကို ဆောင်ရွက်စေပြီး ရရှိလာသောရန်ပုံငွေများကို ပွင့်လင်းမြင်သာစွာ သုံးစွဲစေပြီး စနစ်တကျစစ်ဆေး ဆောင်ရွက်နိုင်ရန် အတွက် ကျောင်းအတွင်း စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးခြင်း၊ ပြင်ပစာရင်းစစ်ငှားရမ်း၍ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရစာရင်းစစ်တို့ဖြင့် စနစ်တကျစစ်ဆေးခြင်းဖြင့် ငွေကြေးဆုံးရှုံးမှုတို့ကို တားဆီး ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၄ အမျိုးသားပညာရေးဥပဒေပါ ပုဒ်မများအတိုင်း ဆောင်ရွက်ခြင်းဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ကိုယ်ပိုင်ရန်ပုံငွေဖြင့် ကျောင်းဖွံ့ဖြိုးရေး၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲရေးတို့တွင် စနစ်တကျ စီမံခန့်ခွဲ နိုင်မည်ဖြစ်ပါသည်။

## ၄.၃။ စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းခြင်း

အမျိုးသားပညာရေးဥပဒေ "ပုဒ်မ ၂၈၊ ပုဒ်မ ခွဲ (ဂ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ် ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်" ပုဒ်မခွဲ(ဃ) အဆင့်မြင့်ပညာကျောင်းများသည် ပညာရေး ဆိုင်ရာ လုပ်ငန်းများကိုလွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်"ဟု ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ် ကောင်စီဖြင့် စီမံခန့်ခွဲစေသင့်ပါသည်။ တက္ကသိုလ်ကောင်စီ ဖွဲ့စည်းရာတွင် အတွေ့အကြုံ၊ ဗဟုသုတ နှင့်ပြည့်စုံစေသည့်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ တက္ကသိုလ် ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို သက်ဆိုင်ရာ တက္ကသိုလ်က အဆိုပြုစေပြီး၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီတို့က အတည်ပြုပေးသင့်ပါသည်။ ထို့အပြင် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းကို(၄)နှစ် (သို့မဟုတ်) (၅)နှစ် ထက်မပိုသော

သက်တမ်းသာ ထားရှိသင့်ပါသည်။ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မပြုသင့်ပါ။ ထိုသို့ ဆောင်ရွက်ပါက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## ၄.၄။ သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးတိုးတက်မှု

အမျိုးသားပညာရေးဥပဒေ "ပုဒ်မ ၂၈၊ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင် အထည်ဖော်သည့်ကျောင်းများသည် (က)သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေး ဆောင်ရွက် ရမည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သိပ္ပံများတွင် သုတေသနလုပ်ငန်းများကို သင်ကြားရေးကဏ္ဍတွင် ထည့်သွင်းသင်ကြားနိုင်အောင် စီစဉ် ဆောင်ရွက်သင့်ပါသည်။ သုတေသနလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအချက်အလက် စုဆောင်းခြင်း၊ ရရှိလာသော သုတေသနရလဒ်များနှင့် တွေ့ရှိချက်များကို စနစ်တကျထိန်းသိမ်းနိုင် ရန်အတွက် သုတေသနရလဒ်များနှင့် တွေ့ရှိချက်များကို စနစ်တကျထိန်းသိမ်းနိုင်ရန်အတွက် သုတေသနဘဏ်တစ်ခုနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနတစ်ခုကို မဖြစ်မနေ ထူထောင် ဖွဲ့စည်း ဆောင်ရွက်သင့်ပါသည်။ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနအလိုက်သုတေသန ဆောင်ရွက်ခြင်းအပြင် ပြင်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရပ်ဖက်သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နိုင်ပါက၊ နယ်ပယ်အသီးသီးတွင် လက်တွေ့ အသုံးကျသော၊ အသုံးချ၍ရသော သုတေသနလုပ်ငန်းများအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ သုတေသန ထောက်ပံ့ကြေး ချီးမြှင့်ရန်အတွက် နိုင်ငံအဆင့်သုတေသန ရန်ပုံငွေ တည်ထောင်ထားသင့် ပါသည်။ သုတေသနရန်ပုံငွေကို ခွဲဝေနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲရေး နည်း စနစ်များကို စနစ်တကျထားရှိ ဆောင်ရွက်သင့်ပါသည်။ သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အကျိုးရှိသော သုတေသနလုပ်ငန်းဖြစ်လျှင် သုတေသနဆောင်ရွက်ချက်ပေါ် မူတည်၍ ထောက်ပံ့ ကြေးကို အပြည့်အဝထောက်ပံ့သင့်ပါသည်။

## ၄.၅။ အဝေးသင်ပညာရေးစနစ်ပြုပြင်ပြောင်းလဲခြင်း

အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၉၊ "အဆင့်မြင့်ပညာရေးကို အကောင်အထည် ဖော်ရာတွင် အဝေးသင်ပညာရေးစနစ်ကို ကျင့်သုံးမည်"ဟု ပြဋ္ဌာန်းထားပါသည်။ အဝေးသင်ပညာရေး အားကောင်းလာစေရန်အတွက်၊ သင်ကြားရာတွင် အသုံးပြုသော ကျောင်းသားများ လေ့လာမည့် စာအုပ်များကို သက်ဆိုင်ရာကျောင်းအလိုက် ပုံနှိပ်ဖြန့်ဝေပါက ပိုမို၍အဆင်ပြေစေနိုင်ပါသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်က တာဝန်ယူ ပုံနှိပ်ဖြန့်ဝေသည့်အတွက် အချိန်ကြန့်ကြာမှုများနှင့်

မလိုလားအပ်သော အခက်အခဲများကို ဖြစ်ပေါ်စေပါသည်။ ဘွဲ့ကြိုကျောင်းသား (၅၀%) ရာခိုင်နှုန်း ကျော်သည် အဝေးသင်ပညာရေးဖြင့် သင်ယူနေသူများဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် (၅)တွင် အောက်ပါအတိုင်း ရေးသားထားပါသည်။ "အဝေးသင်ပညာရေး၏ ပညာရပ်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် အရည်အသွေးကို မြှင့်တင်ရန်လိုအပ်နေသည်ဟု" ဖော်ပြထားပါသည်။ သို့ပါ၍လက်ရှိ အဝေးသင်စနစ်အား အဆောတလျင် ပြောင်းလဲနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂၆၊ "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်" ဟု ပြဋ္ဌာန်းထားသည့်အတွက်ကြောင့် အဝေးသင်ပညာရေးစနစ်ကို ကျောင်းအလိုက် မိမိတို့၏ အစီအစဉ်ဖြင့် စနစ်တကျ ပြောင်းလဲနိုင်စေရန် ဆောင်ရွက်သင့်ပါသည်။

## ၅။ နိဂုံး

အဆင့်မြင့်ပညာကျောင်းများ ပညာရေးဆိုင်ရာ လွတ်လပ်စွာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အမျိုးသားပညာရေး ဥပဒေအခန်း(၃) အမျိုးသားပညာရေးဆိုင်ရာအခြေခံမှုများ ပုဒ်မ-၄ (ဆ)၊ ပုဒ်မ-၂၆၊ ပုဒ်မ-၂၈ (က)၊ (ဂ)၊ (ဃ)၊ ပုဒ်မ-၅၂၊ ပုဒ်မ-၅၃၊ ပုဒ်မ-၆၂ (ခ)၊ ပုဒ်မ-၆၃ (ခ)၊ ပုဒ်မ-၆၄(ခ)တို့နှင့်အညီ ဆောင်ရွက်ပါက အတားအဆီးများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဗဟိုမှချုပ်ကိုင်သော ပညာရေးစနစ်ကို အဆင့်လိုက် ဖြေလျော့မှုဖြစ်သည့်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အား ချောမွေ့စေပါသည်။ အဆင့်မြင့် ပညာကျောင်းများသည် စနစ်တကျ စီမံခန့်ခွဲလာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာအဆင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ အမျိုးသား ပညာရေးဥပဒေ ၂၀၁၄ပါ ပုဒ်မျာအတိုင်း အဆင့်မြင့်ပညာရေး ကဏ္ဍပြောင်းလဲ ဖော်ဆောင်သင့်ပါ ကြောင်း တင်ပြအပ်ပါသည်။


ကိုးကား

- အမျိုးသားပညာရေးဥပဒေ ၂၀၁၄
- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁